# မြန်မာ့ ပဋိပက္ခ နောက်ဆုံးအခြေအနေ ဧပြီလ (၀၁ - ၀၇)

## အရပ်သားများအပေါ် အကြမ်းဖက်မှု

| | | | |
|---|---|---|---|
| ၆၃ | အရပ်သား အသတ်ခံရမှု | ၄၆ ဦး | အရပ်သား ဖမ်းဆီးခံရမှု |
| ၃ ဦး | အမျိုးသမီး အသတ်ခံရမှု | ၁၀၁ လုံး | နေအိမ်မီးရှို့ပျက်စီးမှု |
| ၃ ဦး | ကလေးများ | ၅၇ ကြိမ် | လေကြောင်းတိုက်ခိုက်မှု |

### ဧပြီလ ပထမပတ်အတွင်း အရပ်သား ထိခိုက် / သေဆုံး / ဆုံးရှုံးမှုများ

မြန်မာနိုင်ငံ အနှံ့အပြားတွင် ဧပြီလ ပထမပတ်အတွင်း စစ်ကောင်စီတပ်၏ လေကြောင်းနှင့် လက်နက်ကြီး ပစ်ခတ်တိုက်ခိုက်မှုကြောင့် အရပ်သားပြည်သူ ၆၃ ဦး သေဆုံးခဲ့ပါသည်။ ထိုအထဲတွင် ကလေး ၃ ဦးနှင့် အမျိုးသမီး ၃ ဦး ပါဝင် ပါသည်။

- ကချင်ပြည်နယ်တွင် သေဆုံးမှုဦးရေမှာ အများဆုံးဖြစ်ပြီး ၃၈ ဦး သေဆုံးခဲ့ပါသည်။ မကွေးတိုင်းနှင့် စစ်ကိုင်းတိုင်းတို့တွင် ၆ ဦးစီ၊ ရှမ်းပြည်နယ်တောင်ပိုင်းတွင် ၅ ဦး၊ ကရင်ပြည်နယ်တွင် ၃ ဦး၊ ဧရာဝတီတိုင်းတွင် ၂ ဦး၊ ကရင်နီပြည်နယ်၊ မွန်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် ၁ ဦးစီတို့ ဖြစ်ကြပါသည်။

- လက်နက်ကြီးဖြင့်ပစ်ခတ်မှုကြောင့် သေဆုံးသူ ၂ ဦး၊ လေကြောင်းနှင့် ဒရုန်းဖြင့်တိုက်ခိုက်မှုကြောင့် သေဆုံးသူ ၅၄ ဦးတို့ ဖြစ်ပါသည်။

**မီးရှို့ဖျက်ဆီးမှုများ**

မြန်မာနိုင်ငံရှိ ပြည်နယ်နှင့်တိုင်း ၄ ခုတွင် စစ်ကောင်စီတပ်မီးရှို့သဖြင့် နေအိမ် ၁၀၁ လုံး မီးလောင်ပျက်စီးခဲ့ပါသည်။

- မကွေးတိုင်းတွင် နေအိမ် ၆၇ လုံး၊ ရှမ်းပြည်နယ်တောင်ပိုင်းတွင် နေအိမ် ၂၄ လုံး၊ ဧရာဝတီတိုင်းတွင် နေအိမ် ၈ လုံးနှင့် မန္တလေးတိုင်းတွင် နေအိမ် ၂ လုံးတို့ ဖြစ်ကြပါသည်။

**ဖမ်းဆီးခံရမှုများ**

မြန်မာနိုင်ငံရှိ ပြည်နယ်နှင့်တိုင်း ၄ ခုတွင် ဧပြီလ ပထမပတ်အတွင်း အရပ်သားပြည်သူ ၄၆ ဦး ဖမ်းဆီးခံခဲ့ရသည်။ ရခိုင်ပြည်နယ်တွင် ၂၃ ဦး၊ မကွေးတိုင်းတွင် ၁၂ ဦး၊ မန္တလေးတိုင်းတွင် ၇ ဦးနှင့် ပဲခူးတိုင်းတွင် ၄ ဦးတို့ ဖြစ်ကြပါသည်။

**လေကြောင်းမှ တိုက်ခိုက်မှုများ**

မြန်မာနိုင်ငံရှိ ပြည်နယ်နှင့်တိုင်း ၁၁ ခုတွင် ဧပြီလ ပထမပတ်အတွင်း စစ်ကောင်စီတပ်မှ လေကြောင်း တိုက်ခိုက်မှု ၅၇ ကြိမ် ပြုလုပ်ခဲ့ပါသည်။ စစ်ကိုင်းတိုင်းတွင် ၂၂ ကြိမ်၊ မန္တလေးတိုင်းတွင် ၉ ကြိမ်၊ ကချင်ပြည်နယ်တွင် ၇ ကြိမ်၊ ချင်းပြည်နယ်တွင် ၆ ကြိမ်၊ ရှမ်းပြည်နယ်မြောက်ပိုင်းတွင် ၄ ကြိမ်၊ ရှမ်းပြည်နယ်တောင်ပိုင်းတွင် ၃ ကြိမ်၊ ရခိုင်ပြည်နယ်တွင် ၂ ကြိမ်၊ ဧရာဝတီတိုင်း၊ ကရင်နီပြည်နယ်၊ ကရင်ပြည်နယ်နှင့် တနင်္သာရီတိုင်းတို့တွင် ၁ ကြိမ်စီတို့ ဖြစ်ကြပါသည်။

**တိုက်ပွဲတွင် ကျဆုံးမှုများ**

| | |
|---|---|
| ၁၃၅ ဦး | စစ်ကောင်စီတပ်သား သေဆုံး |

| | |
|---|---|
| ၉ ဦး | PDF ရဲဘော်များ ကျဆုံး |

